# ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသမီး (၈၆) ဦး သေဆုံးခဲ့သည်။


အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန်ကြိုးပမ်းမှုသည် (၄) နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ (၃၁) ရက်နေ့အတွင်း အမျိုးသမီး (၈၆)ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့် မှတ်တမ်းတင်မှုများအပြင် မြေပြင်မှ အချက်အလက်ကောက်ယူထားမှုများကို ပြန်လည်စုစည်းတင်ပြထားခြင်းဖြစ်သည်။

**သေဆုံးသူ**




အမျိုးသမီး (၈၆) ဦး

**ထိခိုက်ဒဏ်ရာရသူ**



အမျိုးသမီး (၇၇) ဦး


# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်





မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများ အရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၈၆)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၇၃)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၂)ဦး နှင့် မြေမြှုပ်မိုင်းကြောင့် (၁) ဦးတို့ ဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၇၇)ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၄၂)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၃၁)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၃)ဦး၊ နှင့် အကြောင်းမဲ့ ရိုက်နှက်ခြင်းကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။

# တိုင်းနှင့်ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ

ပြည်နယ်၊တိုင်းဒေသအလိုက် အမျိုးသမီး သေဆုံးမှု




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် ရခိုင်ပြည်နယ်မှ (၃၉) ဦး၊ ရှမ်းပြည်နယ်မှ (၁၁) ဦး၊ စစ်ကိုင်းဒေသကြီးမှ (၁၀) ဦးတို့ ဖြစ်ကြပြီး ရခိုင်ပြည်နယ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ အတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။


**မြန်မာ့အမျိုးသမီးသမဂ္ဂ**

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org